# ကန်တိုကျေးရွာ

# ရွာဝေကျေးရွာအုပ်စု

# ဝမ်းတွင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁- ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကန်တိုကျေးရွာ၊ဝမ်းတွင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီလ

# မာတိကာ


ခေါင်းစဉ်

စာမျက်နှာ မာတိကာ

စကားချီး ၁-၂

ကန်တိုကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝမ်းတွင်းမြို့နယ် ၃

ကန်တိုကျေးရွာ၊ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ ဝမ်းတွင်းမြို့နယ် ၄

ကန်တိုကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ၊ ဝမ်းတွင်းမြို့နယ် ၅

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် ၆-၇

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၈-၉

(၂) ကျေးရွာ၏တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၉

(ခ) သဘာဝအရင်းအမြစ်များ ၉

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာအချက်လက်များ ၉-၁၀

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၀

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၀

(ဃ) ကျန်းမာရေး နှင့် အာဟာရ ၁၀-၁၁

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၁

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၁

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၁

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၁-၁၂

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၃

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၃-၁၄

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၄

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၄-၁၅

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၅

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၅-၁၆

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၆

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(က) ရည်ရွယ်ချက်ပန်းတိုင် ၁၇

(ခ) ဖွံ့ဖြိုးရေးဗျူဟာ ၁၈-၁၉

**ကိုးကားစာရင်း**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁/၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း

တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း စီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ် ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကန်တိုကျေးရွာ၊ ဝမ်းတွင်းမြို့နယ်။

၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလ

## ကန်တိုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝမ်းတွင်းမြို့နယ်



# ၄

## ကန်တိုကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



၅

## ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ



## အပိုင်း (က )

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း

**(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။** ။ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲရေးခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို ပံ့ပိုးမှု ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ် တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်း များလုပ်ဆောင်ရန်လိုအပ်သော သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို

လည်း ဖော်ပြထားပါသည်။ ၇

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင် ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။** ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်ထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား။** ။ကျွန်တော်တို့ကျေးရွာသည် ဝမ်းတွင်းမြို့၏ အရှေ့မြောက်ဘက်(၁၇)မိုင်ကျော်ခန့်အကွာ မြို့နယ်

၏အဆုံးတွင် တည်ရှိပါသည်။ ကျေးရွာ၏အနောက်ဘက်(၄)ဖာလုံခန့်အကွာတွင် အဝေးပြေးလမ်းမကြီး ရှိပါသည်။ ရာသီဥတု အခြေအနေအားဖြင့် သင့်တင့်မျှတသော ရာသီဥတုအနေအထား ရှိပါသည်။ မြေမျက်နှာသွင်ပြင် အနေအထားသည် မြေပြန့် ဒေသ ဖြစ်ပါသည်။ ရွာ၏ပတ်လည်တွင် လယ်ခင်းများရှိပါသည်။ လယ်ယာများသည်လည်း မြေဆီမြေသွေး အသင့်အတင့် ကောင်းပါသည်။ ဆည်ရေသောက်ဖြစ် သော်လည်း မြေဆီလွှာမှာ စပါးတမျိုးတည်းသာ အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးမှုအပိုင်းတွင် ပုံမှန်မဟုတ်သည့် ရာသီဥ_တုဒဏ်ကို အမြဲခံစားကြရ ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ။** ။သဘာဝအရင်းအမြစ်အနေဖြင့် ရွာသူရွာသားများ သောက်သုံးရန်နှင့် လယ်ယာများစိုက်ပျိုးရန်အတွက် ရေချိုများရရှိပါသည်။ ကျေးရွာနှင့်(၁) မိုင်ခန့်အကွာတွင် စိုက်ပျိုးရေပေးသည့် ဆည်ရေရရှိသောကြောင့် ကျေးရွာတွင် သစ်ပင်များဖြင့် အမြဲစိမ်းလမ်းနေပါသည်။ အိမ်တိုင်းတွင် တုံကင်ရေတွင်း များရှိ၍ သောက်သုံးရေ လုံလောက်စွာ ရရှိပါသည်။ ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေထိုင်၍ကောင်းပြီးမိုးရာသီတွင် မြေသားလမ်းများဖြစ်၍ သွားလာမှု ခက်ခဲပါသည်။

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ။ ။ ကန်တိုကျေးရွာတွင် အိမ်ခြေ (၁၅၄) အိမ်ရှိပါသည်။ စုစုပေါင်းလူဦးရေ (၆၁၅)ဦး ရှိပါသည်။ ၁နှစ်အောက် နို့စို့အရွယ်လူဦးရေစုစုပေါင်း(၁၁)ဦးရှိပြီး၊ ၅နှစ်အောက်ကလေးငယ် စုစုပေါင်း(၃၆)ဦးရှိပြီး၊ မူလတန်းကျောင်းသားအရွယ် စုစုပေါင်း (၄၇)ဦးရှိပြီး၊ အလယ်တန်းကျောင်းသားအရွယ် စုစုပေါင်း(၃၃)ဦးရှိပြီး၊ အလုပ်လုပ်နိုင်သည့်အရွယ် စုစုပေါင်း (၄၆၂)ဦးရှိပြီး၊ သက်ကြီးရွယ်ကြီးအရွယ် စုစုပေါင်း(၂၆)ဦးရှိပါသည်။ မသန်စွမ်းသူအရေအတွက်မှာ ကျား(၁)ဦးနှင့် မ(၂)ဦးရှိကြောင်းတွေ့ရှိရပါသည်။**

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။** ။ကျေးရွာလူထု အဓိကမှီခိုနေရသည့် ဝင်ငွေရလမ်းကြောင်းမှာ စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးပါသည်။ ဝင်ငွေ အခြေအနေမှာ အလယ်အလတ်ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ မွေးမြူရေး၊

လက်သမား၊ ယာဉ်၊ စက်ကိရိယာပြင်ဆင်ခြင်းနှင့် လက်လီလက်ကားရောင်းဝယ်ရေး လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ကျေးရွာအိမ်ထောင်စုများ၏ ဆင်းရဲချမ်းသာ အဆင့်အလိုက် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခြေအနေများအနေဖြင့် အဆင်ပြေသော အိမ်ထောင်စု(၁၀)၊ အလယ်လတ်(၇၀)၊ မပြေလည်သောအိမ်ထောင်စု (၅၀)နှင့် အလွန်အဆင်မပြေလည်သော အိမ်ထောင်စု (၂၄)ရှိပါသည်။

(ဂ) **ဆင်းရဲမွဲတေမှုထိခိုက်လွယ်မှုအခြေအနေ။ ။** ဝမ်းစာဖူလုံမှုအိမ်ထောင်စုမှာ အများအပြားရှိပါသည်။ ဝမ်းစာဖူလုံမှုတွေ့ရှိချက်မှာ နိမ့်ပါးပါသည်။အလွန်အရမ်းဆင်းရဲသော အိမ်များမှာ ရှိသောသူဆီက ချေးယူ စားသောက်ရသောကြောင့်ဖြစ်ပါသည်။ ကျေးရွာလူထုရင်ဆိုင်နေရသော အဓိကထိခိုက်မှုများမှာ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ရာသီဥတုမမှန်ခြင်းကြောင့် မိုးခေါင်ခြင်း နွေရာသီကာလတွင် အပူရှိန်အလွန်ပြင်းသောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးအတွက် အလွန်စိုးရိမ်ရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာလူထုအတွင်း ရောဂါများနှင့်ပတ်သက်၍ ဖြစ်ပွားမှု အနည်းငယ်သာရှိကြောင်း တွေ့ရှိရပြီး ကျန်းမာရေးမကောင်း၍ ကုသရန်လိုအပ်သော လူနာများကို ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းပြည်သူ့ဆေးရုံနှင့် ခရိုင်ပြည်သူ့ ဆေးရုံ၊ ဆေးခန်း မိတ္ထီလာ၊မန္တလေးစသည် ပြည်သူဆေးရုံကြီးများ ပုဂ္ဂလိကဆေးရုံများသို့ သွားရောက် ကုသရပါသည်။ အုပ်စုကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ပြည်သူ့ဆေးရုံများနှင့်ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံခြင်း တိုက်ကျွေးခြင်းများကို စီမံချက် အလိုက်နှစ်စဉ်လာရောက် ကုသကြပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သော ပညာပေး ဆွေးနွေးပွဲ များ လူထုနှင့်တွေ့ဆုံ၍ ဟောပြောပေးရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။**

(င) **ပညာရေးနှင့်ကျွမ်းကျင်မှု။ ။**ကျေးရွာ၏ ပညာတတ်မြောက်မှုအား မူလတန်း ပညာပြီးမြောက်မှုမှာ (၁၅၀)ဦး၊ အလယ်တန်း (၁၆၀) ၊ အထက်တန်း (၁၁၀)၊ တက္ကသိုလ်ဘွဲ့ရ (၄၀)ဦးရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ကျွမ်းကျင်စွာ လုပ်ကိုင်ကြပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု။** ။ရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသမီးပါဝင်နိုင်မှု အခွင့်အရေးမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး အဖွဲ့များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု နည်းပါသည်။ ကျေးရွာတွင်အမျိုးသားနှင့် အမျိုးသမီးကြားပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း လုံးဝမရှိပါ။

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။** ။ ကျေးရွာတွင် တူကူဖိုက်နက်၊ ဂေါပက၊ ကျောင်းကော်မတီ၊ မေတ္တာစမ်းရေပရဟိတနှင့် သမဘဏ်တီအဖွဲ့များရှိပါသည်။၎င်းအဖွဲ့ များသည် ကျန်းမာရေး၊ ပညာရေး၊ သာရေး နာရေး ဘာသာရေး လူမှုရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်နေကြပါသည်။ စွမ်းဆောင်နိုင်မှုများ ကောင်းမွန်ကြပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ။** ။သီးနှံထုတ်လုပ်ရေးကဏ္ဍအနေအထားမှာ စိုက်ပျိုးသည့်လယ်မြေ၊ ယာမြေများသာရှိပါသည်။ လယ်မြေကေ(၅၅၈)ကေရှိပါသည်။ မြေဆီ မြေဩဇာ အသင့်အတင့် ကောင်းမွန်ကြပါသည်။ ရာသီအလိုက် ရေရရှိပြီး၊ လုံလောက်မှုရှိပါသည်။ စပါး စိုက်ပျိုးကြပါသည်။ မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် နှမ်း၊ ငရုတ်၊ စသည်တို့ကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ထွန်စက်ကြီး(၅)စီး၊ လက်တွန်းထွန်စက် (၇၀)စီးနှင့်ရေစုပ်စက်(၁၀၀)လုံးသာ ရှိပါသည်။ အချို့ သော အိမ် ထောင်စုများသည် ခိုင်းနွားကို အသုံးပြုကြပါသည်။ ထွန်စက်ကြီးများ ကိုလည်း ငှားရမ်းအသုံးပြုကြပါသည်။ လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု အသင့် အတင့် ရှိပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေရရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို ဝမ်းတွင်းမြို့နယ်ဆိုင်များမှ ဝယ်ယူရန် လက်လှမ်းမီပါသည်။ လယ်ယာလုပ်သား အသင့်အတင့်ရှိပါသည်။ လယ်ယာထုတ်ကုန် များကို ကျေးရွာတွင်းမှာပင် ရောင်းချနိုင်ပါသည်။သို့သော် စိုက်ပျိုးရေကို အလုံအလောက် ရရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍ၏ အဟန့်အတားတစ်ခုမှာ ရေမြေသဘာဝနှင့် မြေဆီ

လွှာညံ့ခြင်း၊ စိုက်ပျိုးသီးနှံထုတ်လုပ်ရာတွင် လင်းရိပ်များပေါများခြင်းများ ဖြစ်ပါသည်။ စိုက်ပျိုးရေး ချေးငွေသည် လုံလောက်မှု နည်းပါးပါးပြီး၊ ပိုးမွှားရောဂါ ကာကွယ်ရေးအတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီမှုမရှိပါ။ ပွဲစားများ၏ ဈေးနှုန်းကိုသာ မှီခိုရ၍ မှန်ကန်သော သီးနှံဈေးကွက် လိုအပ်ပါသည်။

ကျေးရွာတွင် ခိုင်းနွားနှင့်နို့စားနွား ကြက်၊ဝက်၊ဆိတ် ကိုသာမွေးမြူကြောင်း တွေ့ရပါသည်။ နွားကို လယ်ယာလုပ်ငန်းခွင်အတွက် မွေးမြူကြပါသည်။ ခွာနာလျှာနာ၊ ဒေါင့်သန်း၊ ခြေပုပ်လက်ပုပ် စသောကူးစက်ရောဂါများဖြစ်ပွားကြပါသည်။ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မှုအသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်းနည်းပါးသော်လည်း မွေးမြူရေးအစာ၊ ရေအသင့် အတင့်ရရှိနိုင်ပါသည်။ ဝမ်းတွင်းမြို့နယ်တို့နှင့်နီး၍ မွေးမြူရေး ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ပါသည်။မွေးမြူ မွေးမြူရေးချေးငွေ သီးသန့်မရရှိသော်လည်း သမဝါယမအသင်း၏ ချေးငွေရရှိပါသည်။ မြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရှိပါသည်။ ရောဂါဖြစ်ပွားမှသာလျှင် လာရောက် ဆေးထိုးကြပါသည်။ သို့သော် နည်းပညာ ပိုင်းဆိုင်ရာ ချိတ်ဆက်မှု မလုပ်ဆောင်ဖူး သေးပါ။ မိသားစုအပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် မွေးမြူရေး လုပ်ငန်းကို တိုးချဲ့မွေးမြူသင့်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အခြေခံမွေးမြူ ရေးပညာများလိုအပ်ပြီး၊ ကျေးရွာတွင် မွေးမြူရေးလုပ်သားများရှိပါက ကျေးရွာတွင်း ကုသ ကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။** ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ကျပန်းများသာ များပါသည်။ အရောင်းအဝယ်နှင့် အိမ်ဆိုင်လုပ်ငန်း အနည်းငယ်သာ တွေ့ရှိရပါသည်။ လုပ်သားအင်အားအသင့်အတင့်ရှိသည်ကိုတွေ့ရပါသည်။ဝမ်းတွင်းမြို့နယ်တွင်ယက်ကန်းလုပ်ငန်းသည်တွင်ကျယ်စွာ လုပ်ကိုင်နိုင်သောကြောင့် အလုပ်အကိုင် အခွင့်အလမ်း အသင့် အတင့်ရရှိနိုင်ပါသည်။လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့်ပတ်သက်သော နည်းပညာများသည် အခက်အခဲများဖြစ်ပါသည်။ထို့ပြင် လျှပ်စစ်မီး မရရှိ

သေးခြင်းသည်လည်း အဟန့်အတားတစ်ခုအဖြစ် ရှိနေပါသည်။ ထို့ကြောင့် ကျေးရွာအခြေပြု အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာ စေရန် ချေးငွေအစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာ ချိတ်ဆက်မှုများနှင့်အတူ အခြေခံ အဆောက်အဦကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ် ပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။** ။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်း အမြစ်များမှာ မြေဆီလွှာအခြေအနေအခက်အခဲနှင့် အပင်မျိုးစိတ်များ မရှိပါ။ ဖျက်ပိုးရောဂါ ကာကွယ်ထိန်းချုပ်ရာမှာတော့ ရာသီအလိုက်ခက်ခဲမှုရှိပြီး၊ အလယ်အလတ်တွင် ရှိပါသည်။ ရေအရင်းအမြစ်ငါးမျိုးကွဲများ၊ တခြားတိရစ္ဆာန် မျိုးခွဲများ မရှိပါ။ စွန့်ပစ်ပစ္စည်းများကတော့ ကျေးရွာသူ/ကျေးရွာသားများက စနစ်တကျ စီမံခန့်ခွဲသောကြောင့် အခက်အခဲ မရှိပါ။

**(င) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုမှာ မြန်မာလယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ပေးဆပ်ကာလမှာ ဖလမှတစ်နှစ်အတွင်းအတိုးနှုန်း (၁%)မှ(၂%)သာဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုပါ။ ပုံစံ(၇)ရှိသူများ ထုတ်ချေးခွင့်ရရှိပါသည်။ ငွေတိုးပေးသူထံမှလည်း ချေးငွေရယူ နိုင်ပါသည်။ အတိုးနှုန်းမှာ**

(၂%)မှ (၅%) **ရှိ ပါသည်။ သမဝါယမချေးငွေမှာလည်း ကာလတိုဖြစ်ပြီး အတိုး** (၂%)မှ (၅%)**ဖြစ်ပါသည်။ ပြင်ပချေးငွေအဖွဲ့အစည်းမှာလည်း ကာလတိုဖြစ်ပြီး အတိုး** (၂%) **ဖြစ်ပါသည်။**

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။** ။ ကျေးရွာရှိကျောင်းအဆင့်မှာ မူလတန်းအဆင့် ဖြစ်ပါသည်။ ရွာမှစာသင်ကျောင်း အကွာဝေးမှာ (၁) မိုင်အတွင်းသာ ဝေးကွာပါသည်။ ကျောင်းသို့ရွာမှ ခြေလျင်၊ စက်ဘီးဖြင့် သွားလာနိုင်ပါသည်။စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ ကောင်းမွန်မှုရှိပါသည်။ အမိုးနံရံအရည်အသွေး သင့်ပါသည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူးအပြောင်းကိုလိုက်၍ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေးများ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ကျွန်တော်

တို့ကျေးရွာတွင် အဝီစိတွင်းများရှိပါသည်။ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းမှု ရှိပါသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်လာရောက် ဆေးထိုးပေးပါသည်။ အခြေခံကျန်းမာရေးပညာပေး အစီအစဉ်များ လည်းရှိပါသည်။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသည် ကျေးရွာနှင့်(၁)မိုင်မှ(၃)မိုင် အကွာတွင် ပင်းတလဲကျေးရွာ၌ တိုက်နယ်ဆေးရုံရှိပြီး၊ မွေးလူနာများရှိပါက လာရောက် မွေးဖွားပေးပါသည်။ အရေးပေါ်လူနာများအတွက် တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းများသို့ သွားရောက်ကြပါသည်။ ဝမ်းတွင်းမြို့နှင့် (၁၀)မိုင် ကျော်ဝေး၍ ကျန်းမာရေးအတွက် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် သွားရောက်ရန် အခက်အခဲ ရှိပါသည်။

ကျေးရွာတွင် ရေတွင်း(၅၀)နှင့် အဝီစိတွင်းစက်တပ်(၉၀)တွင်း ၊မိုးရေသိုလှောင်ကန် (၉)ကန် နှင့် ရေကန်(၁၅၀)ကန်ရှိပါသည်။ သောက်သုံးရန် ကောင်းမွန်ပြီး၊ နွေမိုးဆောင်း လုံလောက် မှုရှိပါသည်။ သောက်သုံးရေပြဿ နာမရှိပါ။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲ ကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများရှိကြပါသည်။ ကျန်းမာရေးအတွက် ဖုံးသွန်လဲစစ်များ လာရောက်စစ်ဆေးကြပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု။ ။** ကျေးရွာတွင် အပန်းဖြေရန် သီးသန့်နေရာမရှိပါ။ လူငယ်များသည် အလှူမင်္ဂလာဆောင်ပွဲများကျွေးမွေးဧည့်ခံခြင်းလုပ်ငန်းများ၊ ပဌာန်းပွဲ၊ ဓမ္မစကြာရွတ်ခြင်းစသည့် ဘာသာရေးလုပ်ငန်းများ၊ လမ်းပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်း သန့်ရှင်းရေးစသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်္ကြန်ပွဲတော်နှင့် သီတင်းကျွတ် အခါသမယတွင် လူကြီး သူမများကို ကန်တော့ခြင်း၊ သက်ကြီးပူဇော်ပွဲ များပြုလုပ် ရာတွင် ပါဝင်ခြင်း၊ ယဉ်ကျေးလိမ္မာ သင်တန်းများစသည်တို့တွင် ပါဝင်ဆောင်ရွက် ကြပါ သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး၊ ဘာသာရေးအနေနှင့် နှစ်စဉ်(၇)ရက် တရား ခန်း ရှိသဖြင့် ယဉ်ကျေးသိမ်မွေ့ ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့်ဆက်သွယ်ရေး။** ။ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများသည်

မြေသားလမ်းများ ဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရန် အခက်ခဲဖြစ်ပါသည်။ ဆိုင်ကယ်၊ သုံးဘီးကား၊ ကားများဖြင့် အသိုးပြုသွားလာကြပါသည်။ကျေးရွာတွင် လျှပ်စစ် ဓါတ်အား မသွယ်တန်းနိုင်သေးပါ။ အိမ်ထောင်စုများသည် မဟာဓာတ်အားလိုင်းကို အသုံးပြုကြပါသည်။လျှပ်စစ်မီးလင်းရေးကော်မတီအနေနဲ့ မီးရရှိရန်ကြိုးစားဆောင်ရွက် နေပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးလင်းရေး ကော်မတီဖွဲ့စည်းထားရှိပြီး ကျေးရွာမီး လင်းရေး ရံပုံငွေကောက်ခံရှိပါသည်။ ကျေးရွာအနီးတွင် တာဝါတိုင်များမရှိပါ။ သို့သော် တယ်လီဖုန်းဆက်သွယ်မှုများကောင်းမွန်ပါသည်။ ကျေးရွာတွင်ဖုန်းအသုံးပြုမှုလည်းများ ပါသည်။

**(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။** ။ကျေးရွာသည် ရဲဘက်ဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု မရှိ၍ တည်ငြိမ် အေးချမ်းပါသည်။

## (၅) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေ ကောင်း များအသင့်အတင့်ရှိပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် စည်းလုံးညီညွတ် မှုကောင်းပြီး၊ လူထုပူးပေါင်းမှု ကောင်းပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများ ပေါများ၍ မြေဆီသြဇာအသင့်အတင့် ကောင်းမွန်ပါသည်။ အဝီစိတွင်းများမှ စိုက်ပျိုးရေ ရရှိ၍ နွေစပါး၊ မိုးစပါး၊ ကြက်သွန်၊ နှမ်း၊ငရုတ်စသော သီးနှံများ ဖြစ်ထွန်း အောင်မြင် ပါသည်။ မွေးမြူရေး တွင်လည်း နွား၊ ကြက်၊ ဝက်၊ ဆိတ်များ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပါသည်။ စားကျက်မြေ သီးသန့် မရှိသော်လည်း မြေလွတ်မြေလပ်များတွင် လွှတ်ကျောင်းနိုင်ကြပါသည်။ မြို့နှင့်နီး၍ မွေးမြူရေး ထုတ်ကုန်များ အလွယ်တကူတင်ပို့ ရောင်းချနိုင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက် ပါအဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။ ဒေသခံ တောင်သူများ သည် မိရိုးဖလာ ဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ရှိကြပြီး၊ ပြောင်းလဲမစိုက်ပျိုးလိုကြ ခြင်းသည် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတား တစ်ခုဖြစ်သည်။ မွေးမြူ ရေး လုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံပါ။ မွေးမြူရေး သီးသန့် ချေးငွေမရှိပါ။ ကျေးရွာ အခြေပြု အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။ လျှပ်စစ်မီးမရရှိသေးခြင်းသည် လည်း အဟန့်အတား တစ်ခုဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

### (က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြု သော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွား ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက် ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်-

(၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူ ရေး တိရစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာခြင်းဖြင့် မိသားစုများ ဝင်ငွေတိုး လာစေရ မည်။

(၂) အခြေခံပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများနှင့် အဆောက် အဦများ ဖွံ့ဖြိုးလာစေခြင်းဖြင့် ကျေးရွာ လူမှုဘဝ တိုးတက်လာရမည်။

(၃) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

### (ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက် ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါ ဖွံ့ဖြိုးရေး ဗျူဟာများ ကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်း ပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါသည်။

ကျေးရွာ၏**စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်နှင့်** စိုက်ပျိုးရေတစ်နှစ်ပတ်လုံး လုံလောက်စွာရရှိနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် အကူအညီရယူချိတ်ဆက်သွားရမည်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုး ကောင်း မျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှား ရောဂါကာကွယ် ရေးနည်း လမ်းများ၊ မြေဆီလွှာနှင့် မြေသြဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေး နည်းပညာများကို ချိတ်ဆက်ရယူ သွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်း များရရှိရန် မြို့နယ် သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း များအတွက် အခြေခံ မွေးမြူရေး နည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများ လက်လှမ်း မီရန် လုပ်ဆောင်သွားရန် ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေ အစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ် သွားပါမည်။

ကျေးရွာ၏ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင် ရွက်ခြင်း၊ သင်ကြားရေး အထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းကျန်းမာရေး အတွက် ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်းများ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေ ကျန်းမာ ရေး စောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ် အလေ့အကျင့် ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ် စာပေများ လက်လှမ်းမီရန် ပြန်/ဆက်ဌာနများနှင့် ချိတ်ဆက်ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေး

ပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ မိတ်ဆက်ပေးခြင်း၊ စာဖတ်ရန် အလေ့အထထွန်းကားရန် အသိပေးနှိုးဆော်ခြင်း၊ လူငယ်များအား ကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေးခြင်းတို့ဖြစ် ပါသည်။

ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေ ရမည်။

**ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|
| ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ဦးစားပေး-၁ |
| ရေဆိုးထုတ်မြောင်းတူးဖော်ပေးခြင်း | ဦးစားပေး-၂ |
| ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ဦးစားပေး-၃ |
| စိုက်ပျိုးရေပေးဝေရေးမြောင်းတူးဖော်ပေးခြင်း | ဦးစားပေး-၄ |
| ရွာတွင်းလမ်းဂျင်းမြေခင်းခြင်း | ဦးစားပေး-၅ |
| | |
| | |

## ကန်တိုကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း ကော်မတီအမည်စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ဖုန်းနံပါတ် | ရာထူး | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်း | ဦးပေါ် | ၉/ဝတန(နိုင်) ၁၂၈၀၀၄ | ၄၈ | ၀၉-၄၀၁၃၇၇၃၄၀ | ဥက္ကဋ္ဌ | |
| ၂ | ဦးတင်လင်း | ဦးလှကျော် | ၉/ဝတန(နိုင်)၁၂၇၉၄၃ | ၄၄ | ၀၉-၇၈၁၈၉၈၀၆၄ | အတွင်းရေးမှူး | |
| ၃ | ဦးတင်မျိုးဦး | ဦးညွန့်လွင် | ၁၂/အစန(နိုင်)၀၂၀၃၆၇ | ၄၅ | ၀၉-၄၀၈၇၀၈၅၅၂ | ဝယ်ယူရေး ကော်မတီဥက္ကဋ္ဌ | |
| ၄ | ဒေါ်သူဇာမြင့် | ဦးမောင်ကြိုင် | ၉/ဝတန(နိုင်)၀၂၂၁၂၃ | ၃၈ | ၀၉-၇၈၀၁၉၀၆၅၄ | စာရင်းကိုင် | |
| ၅ | ဒေါ်ချယ်ရီမိုး | ဦးတင်မျိုးဝင်း | ၉/ဝတန(နိုင်)၁၂၅၆၇၈ | ၃၅ | ၀၉-၉၆၉၆၁၂၃၃၆ | အဖွဲ့ဝင် | |
| ၆ | ဒေါ်ဟေမာနွယ် | ဦးဇော်မြင့် | ၉/ဝတန(နိုင်)၁၂၉၇၈၅ | ၃၉ | ၀၉-၆၆၇၅၄၃၂၅၅ | အဖွဲ့ဝင် | |
| ၇ | ဦးအောင်မြင့်ထွန်း | ဦးသန်းထိုက်ဝင်း | ၉/ဝတန(နိုင်)၀၁၁၂၃၄ | ၄၀ | ၀၉-၆၆၈၅၃၂၀၁၀ | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၆ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၇ | ၁၉ | ၃၆ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၃၆ | ၄၇ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၅ | ၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၂ | ၂၆၀ | ၄၆၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၁၀ | ၂၆ |
| **စုစုပေါင်း** | | **၂၆၉** | **၃၄၆** | **၆၁၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၄** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကန်တိုကျေးရွာတွင် အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေကို နှိုင်းယှဉ်ကြည့်ရာ အမျိုးသမီးဦးရေကပိုများကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၀ | ၉၀ | ၄ | မငြိ ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၄၀ | | မငြိ ☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | | | မငြိ ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | | | မငြိ ☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | | | မငြိ ☐ လတ် ☐ နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိ ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မငြိမ် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မငြိမ် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | **၁၅၄** | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကန်တိုကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုသာ အဓိထားလုပ်ကိုင်ကြပြီး မွေးမြူရေး၊ လက်သမား၊ပန်းရံနှင့် အရောင်းအဝယ်လုပ်ငန်းကို အနည်းငယ်သာလုပ်ကိုင်ကြကြောင်းတွေ့ရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၂၅၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ ကန်တိုကျေးရွာတွင် လုပ်ငန်းနှင့် ကျား/မ အလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းနှိုင်းယှဉ်ကြည့်ရာအမျိုးသမီးလုပ်အားခနှုန်းမှာအမျိုးသားလုပ်အားခနှုန်းထက်ပိုများနေကြောင်း တွေ့ရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)** |
|---|---|---|
| လယ်မြေ | ၃၆၁ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၉၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၂ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၅၅၈ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကန်တိုကျေးရွာတွင် လယ်မြေ ၃၆၁ ၊ ယာမြေ ၁၉၄ဧက၊ ကိုင်း/ကျွန်းမြေ ၁ဧကနှင့် မြေလွတ်မြေလပ် ၂ဧက ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၂) ခဲတံသတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ခဲတံသတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)** |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခဲတံငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

